CDSG

Capital Diamond Star Group

စက်တင်ဘာလ (၂၅) ရက် ၂၀၂၀ခုနှစ်

**CDSGမှ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီများသို့ စုစုပေါင်းငွေကျပ် သိန်း (၂၀၀၀) လှူဒါန်းခြင်း။**

၂၀၂၀ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့၊ ညနေ ၄နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီထံသို့ ဦးစိန်မြင့် ကွယ်လွန်ခြင်း (၆)နှစ်ပြည့် နှစ်ပတ်လည်အား ရည်စူး၍ (ဦးစိန်မြင့်)+ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ၊ Diamond Star Co.,Ltdနှင့် အဆင့်မြင့် ဒုံးပျံဂျုံစက်၊ နာယက - Capital Diamond Star Foundation တို့မှ စုစုပေါင်း ငွေကျပ် သိန်း (၁၀၀၀)တန်ဖိုးရှိ 3M တံဆိပ် PPEအထည်ရေ ၂၀၀၀၊ 5-Liter Dual Output Oxygen Concentrator အလုံး ၅၀၊ Premier ထုတ်ကုန်များ၊ Happyထုတ်ကုန်များနှင့် Wah Lahအသင့်စား ခေါက်ဆွဲထုတ်များ၊ Swab Teamများ အထွေထွေအသုံးစရိတ်အတွက် ကျပ်ငွေ (၂၇၁)သိန်း တို့အား ပေးအပ်လှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်မှ လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ထို့အတူ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် အလှူရှင် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ (Capital Diamond Star Foundation နာယက၊ Diamond Star Co.,Ltdနှင့် အဆင့်မြင့် ဒုံးပျံဂျုံစက် မိသားစု)တို့မှ မန္တလေးတိုင်းဒေသကြီး Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စများအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် အလှူငွေကျပ် သိန်း (၁၀၀၀)ကို မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးသို့ သွားရောက်လှူဒါန်းခဲ့ပြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ ကျန်းမာရေးအကျပ်အတည်း ဆိုက်ရောက်နေသောကာလတွင် CDSGသည် အဖွဲ့ဝင် ကုမ္ပဏီများနှင့်အတူ လိုအပ်နေသောနေရာများသို့ ကူညီထောက်ပံ့မှုများ ပြုလုပ်လျက်ရှိပါသည်။ CDSGသည် Covid-19ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးများ ဆောင်ရွက်နေသည့် နေရာများသို့ လိုအပ်သည်များကို ဆက်လက်ပြီး ထောက်ပံ့ကူညီသွားမည်ဖြစ်ပါသည်။ Capital Diamond Star (CDS) Foundationမှ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ ကျေးလက်နှင့် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကူညီပံ့ပိုးပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ အကျိုးကိုသယ်ပိုးလျက်ရှိပါသည်။

**Capital Diamond Star Group အကြောင်း**

(၁၉၆၀) ခုနှစ်တွင် ကုန်သွယ်ရေးလုပ်ငန်းလေးတစ်ခုအဖြစ်မှ စတင်ခဲ့သော Capital Diamond Star Group (“CDSG”)သည် မြန်မာနိုင်ငံတွင် သိသာထင်ရှားသော စီးပွားရေးလုပ်ငန်းစုများထဲမှ တစ်ခုအပါအဝင်ဖြစ်သို့ တိုးတက်ခဲ့ပါသည်။ CDSGသည် စားသောက်ကုန်လုပ်ငန်း၊ လက်လီရောင်းချခြင်းလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် e-commerceလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်းပေါင်း (၉၀၀၀)ကျော်နှင့်အတူ ဈေးကွက်ဖြန့်ကျက်မှု (၉၀)ရာခိုင်နှုန်းကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

A : No. 9, Yaw Min Gyi Street, Yaw Min Gyi Quarter, Dagon Township, Yangon
M : 01 373 388 E : info@cdsg.com.mm W : www.cdsg.com.mm

CDSG

Capital Diamond Star Group

A : No. 9, Yaw Min Gyi Street, Yaw Min Gyi Quarter, Dagon Township, Yangon
M : 01 373 388 E : info@cdsg.com.mm W : www.cdsg.com.mm